# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 23 , 2023 Volume 67, Number 17

၂၃.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၅.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၂၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၃)သို့ တက်ရောက်အမှာစကား ပြောကြားခြင်း



မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၃) ကို ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံ ခန်းမ၌ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization –WTO)နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization–WIPO) တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်နှင့်အညီ မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေ (၄) ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု

မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ မူပိုင်ခွင့်ဥပဒေ (၄) ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပြီး အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားချက်များအား တရားဝင်လက်ခံဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှစ၍ ဆောင်ရွက် နေပြီဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားပြီးဖြစ်ရာ လိုအပ်သည့်မူပိုင်ခွင့်ဆိုင်ရာပညာရှင်များကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကိုလည်း ၂၀၂၃ ခုနှစ်တွင် ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် နိုင်ငံတော်၏ မူပိုင်ခွင့်စနစ်တည်ထောင်ရာတွင် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် ရမည့် ပင်မအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အတွက် လိုအပ်သည့်ကဏ္ဍများအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း၊ ထို့နောက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို အာဏာသက်ဝင်ဆောင်ရွက်ခဲ့ပြီး၊ မူပိုင်ခွင့်ဥပဒေများ ဖြစ်သည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေနှင့်တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့ကိုလည်း အာဏာ သက်ဝင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ဖို့ တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအနေနှင့် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအနက် မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များသို့ ဝင်ရောက်ခြင်း လုပ်ငန်းစဉ်တွင်လည်း အခြားနိုင်ငံများနည်းတူ ပါဝင် နိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်စနစ်ကို စတင်ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ကြမည့် စီးပွားရေးလုပ်ငန်းရှင်၊ မူပိုင်ခွင့်ဖန်တီးသူများအနေနှင့်လည်း မူပိုင်ခွင့်ဆိုင်ရာဗဟုသုတပိုမိုရရှိရန် လိုအပ်သည့်အတွက် အသိပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ကြရန်နှင့် မူပိုင်ခွင့်ဆိုင်ရာဗဟို ကော်မတီတွင်ပါဝင်သော တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေး ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မူပိုင်ခွင့်စနစ်တစ်ရပ် ပေါ်ပေါက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း ရှင်းလင်း တင်ပြခဲ့ပါသည်။ ထို့နောက်တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၃)သို့ တင်ပြသည့်အမှာစာများကို ဖတ်ကြားတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဝန်ကြီးချုပ်က အမှာစာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%9E%E1%80%90%E1%80%84%E1%

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စိုက်ပျိုးရေးထွက်ကုန်များ မှောင်ခို တင်သွင်းမှုတိုက်ဖျက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ မှောင်ခိုတင်သွင်းမှုကို တိုက်ဖျက်ရာတွင် ကြိုးကြပ်ကွပ်ကဲမှုကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Chakra Yodmani က ပြောကြားလိုက်ပါသည်။

ဦးစီးဌာနအနေဖြင့် စပါးနှင့် ဆန်၊ အစိုးရမှ သိုလှောင်ထားသောဆန်၊ လတ်လတ်ဆတ်ဆတ် ပီလောပီနံအမြစ်များနှင့် ပီလောပီနံအပြားများ၊ ပီလောပီနံအစေ့များ သို့မဟုတ် ဖြတ်ပိုင်းများ၊ စားအုန်းဆီ၊ တိရစ္ဆာန်အစာ ပြောင်း၊ ဂျုံနှင့်မုယော၊ အုန်းသီးအရင့်များနှင့်အုန်းသီးထုတ်ကုန်များ၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူစသည့် လယ်ယာထွက်ကုန်သီးနှံ ၁၀ မျိုးအပေါ်

ထိန်းချုပ်မည့်အစီအမံများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း အသေးစိတ်ကို ရှင်းလင်းပါသည်။

ဆောင်ရွက်လျက်ရှိသည့် အစီအမံများမှာ မှောင်ခိုကုန်ကူးမှုနှင့် ခွင့်ပြုချက်မရှိဘဲ တင်သွင်းနေမှုများကို တားဆီးရန်ဖြစ်ကြောင်း၊ နယ်စပ်စစ်ဆေးရေးစခန်းများနှင့် အကောက်ခွန်စစ်ဆေးရေးစခန်းများကို ထိန်းချုပ်နယ်မြေအဖြစ် သတ်မှတ်ထားပါကြောင်း၊ ထိန်းချုပ်နယ်မြေပြင်ပမှ ကုန်ပစ္စည်းများ ပို့ဆောင်မည်ဆိုပါကလည်း ခွင့်ပြုချက်ရယူရန် လိုအပ်ပါကြောင်း၊ ပို့ဆောင်ရေးလမ်းကြောင်းတစ်လျှောက်တွင် စစ်ဆေးရေးဂိတ်များထားရှိပြီး ခွင့်ပြုချက်များနှင့်ပမာဏများ အလွန်အကျွံသယ်ဆောင်ခြင်းတို့ကို စစ်ဆေးရန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းအက်ဥပဒေအရ ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် ဈေးနှုန်းသတ်မှတ်ရေးကော်မတီက ထုတ်ကုန်နှင့်ဝန်ဆောင်မှု ၅၁ မျိုးအပေါ် ဈေးနှုန်း ထိန်းချုပ်ရေးကာလသည် ၂၀၂၄ ခုနှစ် ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ကာလထပ်မံသက်တမ်းတိုးသွားမည်ဖြစ်ကြောင်း၊ ဈေးနှုန်းထိန်းချုပ်မည့်စာရင်းကို အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း Mr. Chakra ၏ ပြောကြားချက်အရ သိရှိရပါသည်။

**Source:** www.bangkokpost.gov

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_230620231015

## (၄)ကြိမ်မြောက် နိုင်ငံတကာအထည်ချုပ်ပြပွဲတွင် မြန်မာအထည်ချုပ်လုပ်ငန်းရှင်ဦးရေ (၂၀) ပါဝင်ပြသမည်

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ကျင်းပမည့် (၄) ကြိမ်မြောက် နိုင်ငံတကာအထည်ချုပ်ပြပွဲတွင် မြန်မာအထည်ချုပ်လုပ်ငန်းရှင်ဦးရေ (၂၀) ပါဝင်ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါ (၄) ကြိမ်မြောက် နိုင်ငံတကာအထည်ချုပ်ပြပွဲကို လာမည့် ဇူလိုင် (၃) ရက်မှ (၅) ရက်ထိ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းရှင်ဦးရေ (၂၀) က ကိုယ်ပိုင်ဒီဇိုင်းဖြင့် ချုပ်လုပ်ထားသည့် အထည်များကို သွားရောက်ပြသမည်ဖြစ်ကြောင်းသိရသည်။ "ပြင်သစ်မှာ အထည်ချုပ်ပြပွဲကို နှစ်စဉ် နှစ်ကြိမ်ပြုလုပ်လေ့ရှိတယ်။ မြန်မာအထည်ချုပ်အသင်းအနေနဲ့ ပထမဆုံး ၂၀၁၇ ခုနှစ်မှာ သွားရောက်ပြသခဲ့တယ်။ ၂၀၁၉ ခုနှစ်ရောက်တော့ ကိုယ်ထုတ်လုပ်တဲ့အထည်တွေကို Cat Walk တွေ လုပ်ပြနိုင်တဲ့ထိ တိုးတက်လာတယ်။ မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းတွေကို ကမ္ဘာကပိုသိလာတယ်။ ပြခန်း (၅) ခန်းပြမှာဖြစ်ပြီး အသင်းအနေနဲ့ (၁)ခန်း၊ စက်ရုံပိုင်ရှင်တွေအနေနဲ့ (၄) ခန်းပြသသွားမှာပါ"ဟု ဗဟိုအလုပ်မှုဆောင် ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောကြားခဲ့သည်။

မြန်မာအထည်ချုပ် လုပ်ငန်းရှင်များအနေဖြင့် အဆိုပါ နိုင်ငံတကာအထည်ချုပ်ပြပွဲတွင် ပုံမှန်မဟုတ်သည့် ချုပ်ထည်ဒီဇိုင်းများ၊ ခက်ခဲသည့်ချုပ်ထည်ဒီဇိုင်းများကို သေသပ်လှပကျွမ်းကျင်စွာချုပ်လုပ်နိုင်ကြောင်း နိုင်ငံတကာ အထည်လုပ်ငန်းရှင်များကို ပြသမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ CMP စက်ရုံ၊ အလုပ်ရုံများတွင် တရုတ်နိုင်ငံမှ အများဆုံးရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိပြီး တရုတ်(တိုင်ပေ)၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့ကလည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည်။ မြန်မာနိုင်ငံမှ CMP လက်ခစား ချုပ်ပြီးအထည်များကို ထိုင်း၊ တရုတ်၊ စင်ကာပူနှင့်ဥရောပနိုင်ငံတို့သို့ တင်ပို့လျက်ရှိသည်။

**Source: Popular News Journal**

## ရန်ကုန်အပါအဝင် တိုင်းဒေသကြီး (၅) ခုတွင် ဆန်သိုလှောင်မှုစာရင်းကောက်ယူမည်

ရန်ကုန်အပါအဝင် နေပြည်တော်၊ ဧရာဝတီ၊ ပဲခူးနှင့်မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ဆန်သိုလှောင်မှုစာရင်းများကောက်ယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ဆန်စပါးဈေးကွက် တည်ငြိမ်မှုနှင့်ကန်စေရေးအတွက် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့်မန္တလေးတိုင်းအတွင်းရှိ စပါးတင်း ၅၀၀၀ နှင့် ဆန်တန်ချိန် (၅၀) အထက် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ခြင်းအတွက်လာမည့် ဇွန်လ (၂၆) ရက်၊ နောက်ဆုံးထား၍ လျှောက်လွှာများ လျှောက်ထားရမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ ဆန်စပါးဈေးကွက် တည်ငြိမ်မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်ရေး၊ သင့်တင့်မျှတတည်ငြိမ်သော ဆန်ဈေးကွက်နှင့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် သိုလှောင်ရုံ/သိုလှောင်မှု လုပ်ငန်းအလိုက် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းဇယားများနှင့် အပတ်စဉ်/လစဉ် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းချုပ်များ ပြုစုထားရှိရမည်ဖြစ်ပြီး ပူးတွဲလျှောက်လွှာပုံစံဖြင့် အချက်အလက်များ ဖြည့်သွင်းတင်ပြရန် ကြေညာထားသည်။ ထို့အပြင် သတ်မှတ်တိုင်းဒေသကြီးများအတွင်းရှိ ကုမ္ပဏီများ၊ ဆန်စက်/ဆန်ကုန်သည်များ၏ နယ်များတွင်ရှိသည့် သိုလှောင်ရုံများကို အချက်အလက်တောင်းခံရယူထားပြီး ပုံစံတွင်ဖြည့်သွင်း၍ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဒီဂျစ်တယ်နည်းပညာဖြင့် မှတ်ပုံတင်စာရင်း တင်ပြဆောင်ရွက်နိုင်မည့် Online Registration စနစ် (MyRO) ကို ဆောင်ရွက်လျက်နေပြီး မကြာမီ စတင်အသုံးပြုနိုင်မည်ဖြစ်ကာ သိုလှောင်ရုံများအား Digital Certificate ထုတ်ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

Online Registration စနစ် ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် Trial Operation အဖြစ် နေပြည်တော်၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေးတိုင်းတို့တွင် ဖွန်နှင့်ဇူလိုင်လများ၌ သိုလှောင်မှုအခြေအနေများကို စတင်ကောက်ခံစာရင်းပြုစုသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

**Source: Popular News Journal**

## ပြည်တွင်းဆန်ဈေးမြင့်တက်၊ နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုကျဆင်း

လတ်တလောတွင် ပြည်တွင်းဈေးကွက်၌ ဆန်ဈေးနှုန်း သိသိသာသာ မြင့်တက်လျက်ရှိကြောင်း သိရသည်။ ပြည်တွင်းစားသုံးမှုမြင့်မားပြီး ဆန်ဈေးမြင့်တက်လျက်ရှိရာ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ မှ ကျပ် ၁၁၀၀၀၀၊ ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၈၇၀၀၀ မှ ကျပ် ၈၈၀၀၀၊ မြောင်းမြပေါ်ဆန်းရှယ် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ မှ ကျပ် ၉၄၀၀၀၊ ကျားပျံရှယ် တစ်အိတ်လျှင် ကျပ် ၈၈၀၀၀ မှ ကျပ် ၉၂၀၀၀၊ ခွဲနီရှယ် တစ်အိတ်လျှင် ကျပ် ၇၉၀၀၀ မှ ကျပ် ၈၀၅၀၀၊ သီးထပ်ရှယ် တစ်အိတ်လျှင် ကျပ် ၆၃၀၀၀ မှ ကျပ် ၆၃၅၀၀၊ ရက် ၉၀ ရှယ် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ကျပ် ၇၁၀၀၀၊ သီးပုရှယ် တစ်အိတ်လျှင် ကျပ် ၆၂၅၀၀ မှ ကျပ် ၆၃၀၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်နေကြောင်း သိရသည်။

ယင်းသို့ ပြည်တွင်းဆန်ဈေး မြင့်တက်နေမှုကြောင့် နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ကျဆင်းလျက်ရှိပြီး လက်ရှိတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးဂိတ်များဖြစ်သည့် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၊ မူဆယ်-ကျင်စန်းကျော့ နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံဘက်သို့ ဆန်၊ ဆန်ကွဲတင်ပို့မှု ရပ်တန့်လုနီးပါးအခြေအနေ ဖြစ်ပေါ်နေကြောင်း သိရသည်။

လက်ရှိတွင် ဆန်ဈေး မြင့်တက်လာနေမှုနှင့် စပ်လျဉ်းပြီး ပြည်တွင်းဆန်ဈေးအား သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်စေရေးအတွက် လုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source: https://t.me/sdtimedaily**

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ ဈေးနှုန်း/ဈေးကွက်အခြေအနေ

ဖွန်လ တတိယပတ်တွင် မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာ ထွက်ကုန်သီးနှံများထဲမှ ဂျုံ့ဖြူသန့်၊ ပဲတီစိမ်းသေး၊ ပဲနီလုံးရိုးရိုး၊ မြေထောက်ပဲ(ဖြူ)၊ ပုဂံပဲ၊ ပဲယင်းဝါ၊ ပဲပုတ်စေ့နှင့် နှမ်းညိုဈေးနှုန်းများဈေးငြိမ်၍ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းကြီး၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူ လုံးသေး၊ 929 ဈေးနှုန်းများ ကျဆင်းသွားပြီး၊ Cp ပြောင်းဖူးစေ့၊ ပဲနီလုံးကြား၊ ပဲကြီး ၊ နှမ်းဖြူနှင့်နှမ်းနက်ဈေးနှုန်းများ မြင့်တက်သွားသည်။ ဖွန်လ တတိယပတ်တွင် သီးနှံများ တစ်တင်း ပေါက်ဈေးနှုန်းများမှာ ဂျုံ့ဖြူသန့် တစ်တင်းလျှင် (၅၂၅၀၀-၅၃၅၀၀)ကျပ်၊ ပဲစင်းငုံ (၁၀၂၀၀၀)ကျပ်၊ မတ်ပဲ (၇၂၀၀၀)ကျပ်၊ ပဲတီစိမ်း(ကြီး) (၅၈၀၀၀-၄၄၀၀၀)ကျပ်၊ ပဲတီစိမ်း(သေး) (၄၆၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၄၀၀၀)ကျပ် ၊ ပဲနီလုံးရိုးရိုး (၅၂၀၀၀)ကျပ်၊ မြေထောက်ပဲ(ဖြူ) တစ်တင်းလျှင် (၈၂၀၀၀)ကျပ်၊ ပုဂံပဲ (၈၁၀၀၀)ကျပ်၊ ပဲယင်းဝါ (၅၁၀၀၀)ကျပ်၊ ပဲပုတ်စေ့ (၇၂၅၀၀-

၇၃၅၀၀)ကျပ်နှင့် ပဲကြီး တစ်တင်းလျှင် (၉၉၀၀၀-၁၀၀၀၀၀)ကျပ်ပေါက်ဈေးရှိသည်။ ယခင်ပတ်တွင် ကာလတူပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် တစ်တင်းလျှင် (၅၃၅၀၀)ကျပ်၊ ပဲစင်းငုံ တစ်တင်းလျှင် (၁၀၂၆၀၀)ကျပ်၊ မတ်ပဲ တစ်တင်းလျှင် (၇၈၀၀၀-၈၀၀၀၀)ကျပ်၊ ပဲတီစိမ်း(ကြီး) (၅၆၅၀၀-၄၃၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၄၆၀၀၀)ကျပ်၊ ပဲနီလုံးကြား တစ်တင်းလျှင် (၅၁၀၀၀)ကျပ်၊ ပဲနီလုံး ရိုးရိုး (၅၂၀၀၀)ကျပ်၊ မြေထောက်ပဲ(ဖြူ) တစ်တင်းလျှင် (၈၂၀၀၀) ကျပ်၊ ပုဂံပဲ (၈၁၀၀၀)ကျပ်၊ ပဲယင်းဝါ (၅၁၀၀၀)ကျပ်၊ ပဲပုတ်စေ့ (၇၃၅၀၀) ကျပ်နှင့် ပဲကြီး တစ်တင်းလျှင် (၉၅၀၀၀-၈၅၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ကာလတူ အချိန်နှင့်ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဂျုံဖြူသန့်၊ ပဲတီစိမ်းသေး၊ ပဲနီလုံးရိုးရိုး၊ မြေထောက်ပဲ(ဖြူ)၊ ပုဂံပဲ၊ ပဲယင်းဝါ၊ ပဲပုတ်စေ့ ဈေးနှုန်းများ ဈေးငြိမ်၍ ပဲစင်းငုံ တစ်တင်းလျှင် (၆၀၀)ကျပ်၊ မတ်ပဲ တစ်တင်းလျှင် (၈၀၀၀) ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် (၁၅၀၀)ကျပ်နှုန်း ကျဆင်းသွားပြီး၊ ပဲနီလုံးကြား တစ်တင်းလျှင် (၃၀၀၀) ကျပ်နှင့် ပဲကြီးတစ်တင်းလျှင် (၅၀၀၀) ကျပ်မြင့်တက်နေကြောင်းသိရသည်။

ကုလားပဲ (မျိုးစုံ)ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၉၀၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၀၀၀၀) ကျပ်၊ 929 (၈၈၅၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၉၁၅၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၁၅၀၀)ကျပ်၊ 929 (၉၀၅၀၀) ကျပ်ပေါက်ဈေးရှိ၍ ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးသေးနှင့် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၁၅၀၀)ကျပ်၊ 929 တစ်တင်းလျှင် (၂၀၀၀)ကျပ်ဈေးနှုန်းများ ကျဆင်းသွားကြောင်းသိရသည်။ CPပြောင်းဖူးစေ့ တစ်တင်းလျှင် (၁၉၈၀၀) ကျပ် ပေါက် ဈေးရှိသည်။ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ CPပြောင်းဖူးစေ့ တစ်တင်းလျှင် (၁၉၇၀၀)ကျပ်ရှိ၍ ယခင်ပတ်နှင့်နှိုင်းယှဉ်ပါက CP ပြောင်းဖူးစေ့ ဈေးအနည်းငယ် မြင့်တက်သွားကြောင်း သိရပါသည်။

ယခုပတ် မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းညိုဈေးနှုန်းများ ဈေးငြိမ်ပြီး၊ မြေပဲလုံးဆံဖြူ ၊ မြေပဲလုံးဆံနီ၊ နှမ်းနက်နှင့်နှမ်းဖြူဈေးနှုန်းများ အနည်းငယ် မြင့်တက်နေကြောင်းသိရသည်။ ယခုပတ်တွင် နှမ်းညိုတစ်တင်းလျှင် (၁၀၀၀၀၀)ကျပ်၊ နှမ်းဖြူ (အသစ်/အဟောင်း) တစ်တင်းလျှင် (၁၁၉၀၀၀) ကျပ်၊ နှမ်းနက် (အသစ်/အဟောင်း) တစ်တင်းလျှင် (၁၁၀၀၀၀-၁၀၀၀၀၀)ကျပ်ရှိပြီး ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်တင်းလျှင် (၁၀၀၀၀၀) ကျပ်၊ နှမ်းဖြူ (အသစ်/အဟောင်း) တစ်တင်းလျှင် (၁၁၇၀၀၀-၁၁၅၀၀၀) ကျပ်၊ နှမ်းနက် (အသစ်/အဟောင်း) တစ်တင်းလျှင် (၁၀၈၀၀၀-၁၀၀၀၀၀) ကျပ်ရှိပြီး ကာလတူနှိုင်းယှဉ်ပါက နှမ်းညိုဈေးငြိမ်နေပြီး၊ နှမ်းနက်နှင့်နှမ်းဖြူဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။ ယခုပတ် ဆီဈေးမှာ ပဲဆီတစ်ပိဿာ ၁၃၅၀၀ ကျပ်မှ ၁၃၀၀၀ ကျပ်ထိ၊ နှမ်းဆီတစ်ပိဿာ ၁၂၅၀၀ကျပ်မှ ၁၂၀၀၀ ကျပ်ထိ ပေါက်ဈေးရှိပါသည်။

**Source : ဧယျာကုန်သွယ်မှုဗဟိုဌာန**

## ပို့ကုန်ပဲများ ဈေးကျဆင်းသွားသော်လည်း နှမ်းမျိုးစုံနှင့်ပဲမာလိုင်းများမှာ ဆက်လက်၍ ဈေးအနည်းငယ်မြင့်တက်နေ

ပို့ကုန်ပဲများ ဈေးကျဆင်းသွားသော်လည်း နှမ်းမျိုးစုံနှင့်ပဲမာလိုင်းများမှာ ဆက်လက်ဈေး အနည်းငယ်မြင့်တက်နေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲနှင့်ပဲစင်းငုံမှာ သိသိသာသာ ဈေးကျဆင်းသွားပြီး ပြည်တွင်းသုံး ကုလားပဲအုပ်စုလည်း လိုက်ပါဈေးကျဆင်းသွားကြောင်း၊ ပစ္စည်းအသစ် အဝင်နည်းပါးပြီး လက်ကျန်နည်းသည့် မြေပဲဆန်နှင့်နှမ်းမျိုးစုံမှာ ယခင်သီတင်းပတ်ထက် ဆက်လက်ဈေးမြင့်တက်နေကြောင်း၊ ပြည်တွင်းသုံး ပဲမာလိုင်းများလည်း တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့်ဆက်လက်ဈေးမြင့်တက်နေကြောင်း၊ ပို့ကုန်ပဲများ ဈေးကျဆင်းမှုမှာ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ အခြား ဒေါ်လာဈေး၊ ရွှေဈေးများမှာ ဈေးမြင့်တက်လာကြောင်း ဦးကျော်သွင်(ရွှေစင်သိန်း)ပွဲရုံက ပြောသည်။ "ဇွန်လ တတိယပတ်အတွင်း ပို့ကုန်ပဲများနဲ့ ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးကျဆင်းနေတာကနေ ဇွန် ၂၂ ရက်တွင် မတ်ပဲ၊ ပဲစင်းငုံတို့ တစ်အိတ်လျှင် ငွေကျပ် တစ်သောင်းခန့် ဆက်လက်ဈေးကျဆင်းသွားပါတယ်။ ပြည်တွင်းသုံး ကုလားပဲများလည်း အလားတူ လိုက်ပါဈေးကျဆင်းသွားပါတယ်။ တရုတ်လိုင်း တင်ပို့နေတဲ့ နှမ်းမျိုးစုံကတော့ ပစ္စည်းအဝင်နည်းတာကြောင့် တစ်အိတ်လျှင် ငွေကျပ်သုံးသိန်းကျော် ပေါက်ဈေးဖြစ်နေပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပုံမှန်သာအရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ၎င်းက ပြောသည်။

ဇွန် ၂၂ ရက်တွင် ပို့ကုန်ပဲများမှာ ငွေကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ အထိ ဈေးကျဆင်းသွားရာ သုံးတင်းဝင် မတ်ပဲ ဖ၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲစင်းငုံ ၆၀ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ကျဆင်းသွားသော်လည်း ပဲတီစိမ်း အညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပြည်တွင်းသုံး ပဲမာလိုင်းများဖြစ်သည့် ပဲကြီး၊ ပဲထောပတ်၊ မြေထောက်ပဲ၊ ကျွန်းစားတော်ပဲတို့မှာ ယခင်သီတင်းပတ်ထက် ဆက်လက်ဈေးမြင့်တက်လာရာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ထပ်မံဈေးမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင် ပေါက်ဈေးများအရသိရသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဇွန် ၂၂ ရက်တွင် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးကျဆင်းသွားရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၉၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

တရုတ်လိုင်းသို့ တင်ပို့နေသည့် ပဲတီစိမ်း၊ နှမ်း၊ မြေပဲဆန်နှင့်ပဲမာလိုင်းအချို့မှာ နယ်စပ်ကုန်သွယ်မှုမှတဆင့် တင်ပို့မှု နည်းပါးပြီး ပင်လယ်ရေကြောင်းမှတဆင့် တင်ပို့မှုရှိနေတာကြောင့် အသစ်အဝင်နှမ်းမျိုးစုံဈေးကွက်မှာ ဝယ်လိုအားကောင်းပြီး တောင်သူများ ဈေးကောင်းရရှိနေကြောင်းသိရသည်။ မြေပဲဆန်မှာ လက်ကျန်နည်းလာတာကြောင့် အမျိုးအစားအလိုက် အနည်းငယ် ဆက်လက် ဈေးမြင့်တက်လာသည်။

အသစ်ဝင် နှမ်းမျိုးစုံဈေးကွက်မှာ အမြင့်ဈေးဖြင့် ဆက်လက်အရောင်းအဝယ်သွက်နေရာ နှမ်းဖြူ ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းဝါ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဥရောပကုမ္ပဏီ (၆) ခုက တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၄၀ ရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုခဲ့

တောင်ကိုရီးယားနိုင်ငံသမ္မတ ယွန်ဆုခ်ယော် ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ဥရောပကုမ္ပဏီ (၆) ခုက တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၉၄၀ ရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုခဲ့ပါသည်။ အားပြန်သွင်း၍ ရသော ဘက်ထရီ၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမရှိစေသော ယာဉ်များနှင့် အသစ်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စသည်တို့ကို ထုတ်လုပ်သည့်လုပ်ငန်းများတွင် တောင်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းမှုအဖြစ် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း ဥရောပကုမ္ပဏီများက ပြောကြားခဲ့ပါသည်။

ဥရောပကုမ္ပဏီ (၆) ခုအနက် ပြင်သစ်နိုင်ငံတွင် ရုံးချုပ်ရှိသည့် Imerys သည် အားပြန်သွင်း၍ရသော ဘက်ထရီများတွင် cathode materials များအတွက် ဖြည့်စွက်ပစ္စည်းများအဖြစ် အသုံးပြုသည့် carbon black အတွက် စက်ရုံများ ဆောက်လုပ်မည်ဖြစ်ပြီး ဘယ်လ်ဂျီယံတွင် ရုံးချုပ်ထားရှိသည့် Umicore သည်လည်း Anode ပစ္စည်းများအတွက် စက်ရုံများ ဆောက်လုပ်ရန်နှင့် တောင်ကိုရီးယားနိုင်ငံတွင် သုတေသနဗဟိုဌာန (R&D center) တစ်ခု ထူထောင်သွားရန် ရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်ပါသည်။ ကားအပိုပစ္စည်းများထုတ်လုပ်သည့် နာမည်ကြီး Continental ကလည်း ခေတ်မီအီလက်ထရောနစ် အစိတ်အပိုင်းများထုတ်လုပ်သည့်စက်ရုံများ ထူထောင်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံရှိ Nylacast ကလည်း ၎င်း၏ရင်းနှီးမြှုပ်နှံမှုများကို ခေတ်မီပိုလီမာစက်ရုံများအဖြစ် ပြောင်းလဲ တည်ထောင်သွားမည်ဖြစ်ပါသည်။ စွမ်းအင်ကုမ္ပဏီများဖြစ်ကြသည့် Equinor နှင့် CIP တို့ကလည်း တောင်ကိုရီးယားနိုင်ငံ၏ ကမ်းလွန်လေစွမ်းအင်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။။

အဆိုပါ ကုမ္ပဏီတစ်ခုစီက မည်၍မည်မျှ ရင်းနှီးမြှုပ်နှံသွားမည်ကို တောင်ကိုရီးယားနိုင်ငံအစိုးရက တရားဝင်ထုတ်ဖော် မပြောသော်လည်း စုစုပေါင်းအမေရိကန်ဒေါ်လာ သန်းပေါင်း ၉၄၀ ရှိပါသည်။ တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံရန်အတွက် အကောင်းဆုံးနိုင်ငံဖြစ်ရေးနှင့် ပြည်တွင်းအလုပ်အကိုင် ဖန်တီးပေးရေးတို့အတွက် ကြိုးပမ်းသွားမည်

ဖြစ်ပါကြောင်း၊ ကမ္ဘာ့စံချိန်စံညွှန်းများနှင့်မညီသည့် ပြည်တွင်းစည်းမျဉ်းစည်းကမ်းများကိုလည်း ဖယ်ရှားသွားမည်ဖြစ်ပါကြောင်းနှင့် တည်ငြိမ်သော အထောက်အပံ့ကွင်းဆက်နှင့် ခေတ်ရှေ့ပြေးသောလုပ်ငန်းများတွင် ပါဝင်သည့် ကုမ္ပဏီများအတွက်လည်း မက်လုံးများပေးမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ အခက်အခဲရှိပါက အစိုးရသိအောင်ပြောစေလိုပါကြောင်း တောင်ကိုရီးယားနိုင်ငံသမ္မတ ယွန်ဆုခ်ယော်က ပြင်သစ်တွင်ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

**Source: https://www.koreatimes.co.kr/www/nation/2023/06/120_353417.html**

**(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

## STOCK EXCHANGE (23.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 25,833 (Shares) | 48,916,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 1,400 | 11,060,000 | 33,109,694 | 261,567 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 20 | 58,000 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 180 | 1,296,000 | 10,400,986 | 74,887 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 11,088 | 16,233,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,400 | 485 | 1,168,850 | 12,823,224 | 31,417 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 380 | 950,000 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,900 | 4,900 | 4,900 | 100 | 490,000 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Jun. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.79 | -2.12 | -0.59% | 355.63 | 355.63 | 354.42 | 13,653 | 31,255,850 | 7 | 625,161 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Jun. 2023

| Trading Volume | Trading Value |
|---|---|
| 25,833 (Shares) | 48,916,850 (MMK) |

## Main Board

As of 1:00 pm, 23rd Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 25,833 (Shares) | 48,916,850 (MMK) |

| MYANPIX | 354.79<br>▼ 2.12 |
|---|---|
| Total Volume (shares) | 13,653 |
| Total Value (MMK) | 31 mil |
| Listed Company | 7 |
| Market Cap. (MMK) | 625,161 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |

TIR